# ပြည်သူများ (လုံး၀) မပေါ့ဆကြပါနှင့်

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဇူလိုင်လ (၉) ရက်

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၈-၇-၂၀၂၀)ရက်နေ့၊ မြန်မာစံတော်ချိန် ည (၁၁:၂၈)နာရီ အချိန်တွင် ထုတ်ပြန်သော သတင်းအချက်အလက်များအရ -
- တစ်ကမ္ဘာလုံးတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေမှာ **ဓာတ်ခွဲအတည်ပြုလူနာဦးရေ စုစုပေါင်း (၁၁,၆၆၉,၂၅၉) ဦးနှင့် သေဆုံးသူဦးရေ စုစုပေါင်း (၅၃၉,၉၀၆)ဦး** ရှိပါသည်။

ရောဂါဖြစ်ပွားမှုအများဆုံး (၈)နိုင်ငံ၏ အခြေအနေမှာ -

| နိုင်ငံ | COVID-19 ဖြစ်ပွားသူဦးရေ (၇-၇-၂၀၂၀) | COVID-19 ဖြစ်ပွားသူဦးရေ (၈-၇-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာအသစ် | ရောဂါကြောင့် သေဆုံးသူဦးရေ (၈-၇- ၂၀၂၀) အထိ |
|---|---|---|---|---|
| အမေရိကန်ပြည်ထောင်စု | ၂,၈၇၇,၂၃၈ | ၂,၉၂၃,၄၃၂ | ၄၆,၁၉၄ | ၁၂၉,၉၆၃ |
| ဘရာဇီး | ၁,၆၀၃,၀၅၅ | ၁ ၆၂၃,၂၈၄ | ၂၀,၂၂၉ | ၆၅,၄၈၇ |
| အိန္ဒိယ | ၇၁၉,၆၆၅ | ၇၄၂,၄၁၇ | ၂၂,၇၅၂ | ၂၀,၆၄၂ |
| ရုရှ | ၆၉၄,၂၃၀ | ၇၀၀,၇၉၂ | ၆,၅၆၂ | ၁၀,၆၆၇ |
| ပီရူး | ၃၀၂,၇၁၈ | ၃၀၅,၇၀၃ | ၂,၉၈၅ | ၁၀,၇၇၂ |
| ချီလီ | ၂၉၈,၅၅၇ | ၃၀၁,၀၁၉ | ၂,၄၆၂ | ၆,၄၃၄ |
| ယူကေ | ၂၈၅,၇၇၂ | ၂၈၆,၃၅၃ | ၅၈၁ | ၄၄,၃၉၁ |
| မက်ဆီကို | ၂၅၆,၈၄၈ | ၂၆၁,၇၅၀ | ၄,၉၀၂ | ၃၁,၁၁၉ |

အိမ်နီးချင်းနှင့် အရှေ့တောင်အာရှဒေသနိုင်ငံအချို့၏ အခြေအနေမှာ -

| နိုင်ငံ | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၈-၇-၂၀၂၀) အထိ |
|---|---|---|---|---|
| | (၇-၇-၂၀၂၀) | (၈-၇-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာအသစ် | |
| ပါကစ္စတန် | ၂၃၄,၅၀၉ | ၂၃၇,၄၈၉ | ၂,၉၈၀ | ၄,၉၂၂ |
| ဘင်္ဂလားဒေ့ရှ် | ၁၆၅,၆၁၈ | ၁၆၈,၆၄၅ | ၃,၀၂၇ | ၂,၁၅၁ |
| တရုတ်ပြည်သူ့သမ္မတနိုင်ငံ | ၈၅,၃၄၅ | ၈၅,၃၆၆ | ၂၁ | ၄,၆၄၈ |
| အင်ဒိုနီးရှား | ၆၄,၉၅၈ | ၆၆,၂၂၆ | ၁,၂၆၈ | ၃,၃၀၉ |
| စင်္ကာပူ | ၄၄,၉၈၃ | ၄၅,၁၄၀ | ၁၅၇ | ၂၆ |
| ထိုင်း | ၃,၁၉၅ | ၃,၁၉၇ | ၂ | ၅၈ |

ဤကဲ့သို့ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကူးစက်ဖြစ်ပွားသေဆုံးမှုများ ဆက်လက်များပြားလျက်ရှိသောကြောင့် ပြည်သူများအနေဖြင့် ပေါ့ဆမှု (လုံးဝ) မရှိဘဲ အောက်ပါအချက်များကို ဆက်လက်လိုက်နာကျင့်သုံးပါက မြန်မာနိုင်ငံ၌ COVID-19 ကူးစက်မှုဒုတိယလှိုင်းဖြစ်ရန် အလားအလာ အလွန်နည်းပါမည်။

(က) တတ်နိုင်သမျှ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်။

(ခ) တစ်ဦးနှင့် တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ကြပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆)ပေ အကွာမှသာ နေထိုင်ပြောဆိုဆက်ဆံကြပါရန်။

(ဂ) အပြင်ထွက်တိုင်းနှင့် လူစုလူဝေးရှိသည့်နေရာများသို့ သွားသည့်အခါတိုင်း ပါးစပ်နှင့်နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ကြပါရန်။

(ဃ) လက်တွင်ကပ်ပါလာနိုင်သော ပိုးမွှားရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောကြပါရန်။

ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန